STATISTICAL BULLETIN

ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၆ ရက်



# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်း (Consumer Price Index) အခြေအနေ

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

**Statistical Bulletin အမှတ်စဉ် - (၁၄)**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | စားသုံးသူဈေးဆန္နန်း (Consumer Price Index)၏ အဓိပ္ပာယ် | ၃ |
| ၃။ | အစားအစာ (Food) အုပ်စု | ၄ |
| ၄။ | အစားအစာမဟုတ်သော (Non Food) အုပ်စု | ၄ |
| ၅။ | စားသုံးသူဈေးဆန္နန်း (Consumer Price Index) | ၅ |
| ၆။ | ၂၀၁၃-၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အထိ အုပ်စုအလိုက် စားသုံးသူဈေးဆန္နန်း | ၆ |
| ၇။ | အုပ်စုအလိုက် စားသုံးသူဈေးဆန္နန်း | ၇ |
| ၈။ | တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏စားသုံးသူဈေးဆန္နန်း (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်) | ၁၀ |
| ၉။ | တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စားသုံးသူဈေးဆန္နန်း (၂၀၁၈၊ ဒီဇင်ဘာလ) | ၁၁ |
| ၁၀။ | နိဂုံး | ၁၁ |

## နိဒါန်း

၁။ တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နန်း တွက်ချက်ရန်အတွက် ၂၀၁၂ ခုနှစ်ကို အခြေခံနှစ် အဖြစ်သတ်မှတ်၍ ၎င်းနှစ် နိုဝင်ဘာတွင် ဗဟိုစာရင်းအင်းအဖွဲ့သည် အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်းကို မြို့နယ်ပေါင်း ၈၂ မြို့နယ်တွင် နမူနာအိမ်ထောင်စုပေါင်း ၃၂၆၉ စုကို စစ်တမ်းကောက်ယူခဲ့ပါသည်။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စစ်တမ်းကောက်ယူရာတွင် ကုန်ပစ္စည်း အမျိုးအစားများမှာ အများသုံးစွဲသည့်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားပေါင်း ၄၃၈ မျိုး ပါဝင်ပါသည်။ စားသုံးသူဈေးဆန္နန်းတွက်ချက်ရန်အတွက် အစားအစာအုပ်စုတွင် ကုန်ပစ္စည်း ၁၀၈ မျိုးနှင့် အစားအစာမဟုတ်သောအုပ်စုတွင် ကုန်ပစ္စည်းအမျိုးအစား ၁၆၆ မျိုးရွေးချယ်ခဲ့ပြီး စုစုပေါင်း ၂၇၄ မျိုးသို့ တိုးချဲ့ကောက်ယူတွက်ချက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်ထားမှုအပေါ် အခြေခံ၍ ပြန်လည်တင်ပြအပ်ပါသည်။ [1]

## စားသုံးသူဈေးဆန္နန်း (Consumer Price Index)၏ အဓိပ္ပာယ်

၂။ စားသုံးသူဈေးဆန္နန်းဟူသည် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းအတက်နှုန်း ကို ဈေးဆန္နန်းကိန်း (Price Index) ဖြင့် တိုင်းတာခြင်းဖြစ်ပါသည်။ ဈေးဆန္နန်းကိန်းဆိုသည်မှာ အခြေပြုနှစ်တစ်နှစ်၏ ဈေးနှုန်းနှင့် ယခုလက်ငင်းနှစ်၏ဈေးနှုန်း နှိုင်းယှဉ်ပြီး ရာခိုင်နှုန်း ဖွဲ့ထားခြင်းပင်ဖြစ်ပါသည်။

## ပုံသေနည်း (၁)

[1] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ကထုတ်ပြန်သော Monthly Inflation Report Jan, 2019 မှ ရရှိပါသည်။

$$CPI = \frac{P_i}{P_b} \times 100$$

CPI = ဈေးဆနှုန်းကိန်း

Pi = ယခုနှစ်၏ဈေးနှုန်း

Pb = အခြေပြုနှစ်၏ဈေးနှုန်း

**ပုံသေနည်း (၂)**

$$CPI = \frac{\Sigma\ (\text{Quantity x Current Price})}{\Sigma\ (\text{Quantity x Base-year Price})} \times 100$$

၃။ ဈေးဆနှုန်းကိန်းကို ရရှိလာလျှင် ငွေကြေးဖောင်းပွမှုကိုလည်း သိရှိနိုင်ပါသည်။ စားသုံးသူဈေးနှုန်းများတက်လာခြင်းသည် ငွေကြေးဖောင်းပွမှုမြင့်တက်လာခြင်းပင်ဖြစ်ပါသည်။ ကုန်ဈေးနှုန်းဆိုသည့်နေရာတွင် စားသုံးကုန်နှင့် ရင်းနှီးကုန်ဟူ၍ (၂) မျိုးရှိရာ လူအားလုံးနှင့်ဆိုင်သောမြို့ပြစားသုံးကုန်ဈေးနှုန်းဖြင့် တိုင်းတာလေ့ရှိကြပါသည်။ ကုန်ဈေးနှုန်း၏သဘောသဘာဝမှာ ဝယ်အား/ ရောင်းအားပေါ်မူတည်၍ ဝယ်အားများလျှင် ဈေးတက်ပြီး ရောင်းအားများလျှင် ဈေးကျသည့်သဘောရှိပါသည်။ ကုန်ပစ္စည်းကို ယေဘုယျအားဖြင့် အုပ်စု (၂) စုခွဲထားပါသည်။ အစားအစာ (Food) အုပ်စု နှင့် အစားအစာမဟုတ်သော (Non Food) အုပ်စုဟူ၍ ဖြစ်ပါသည်။

**အစားအစာ (Food) အုပ်စု**

၄။ အစားအစာအုပ်စုဆိုသည်မှာ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်(ဇေိန်၊ ညှော့မထ၊ ငကျွဲ)၊ စားအုန်းဆီ၊ ငါး၊ ကုန်ခြောက်ပစ္စည်းများ၊ ပဲအမျိုးမျိုး၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ၊ မြေပဲဆီ၊ နှမ်းဆီ၊ ဟင်းရွက်ဆီ၊ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ အမဲသားနှင့် ငရုတ်သီးခြောက် (အပု/ အရှည်) တို့ဖြစ်ပါသည်။

**အစားအစာမဟုတ်သော (Non Food) အုပ်စု**


၅။ အစားအစာမဟုတ်သောအုပ်စုဆိုသည်မှာ ခါတ်ဆီ၊ ဒီဇယ်ဆီ၊ ရွှေထည်ပစ္စည်းများ၊ အမျိုးသမီး/ အမျိုးသား အသုံးအဆောင်များ (ဥပမာ- လုံခြည်များ၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စက်ချုပ်ခ (အမျိုးသား/ အမျိုးသမီး)၊ သားရေဖိနပ်၊ ရော်ဘာဖိနပ်)၊ အိမ်ဆောက်ပစ္စည်းနှင့် အိမ်အသုံးအဆောင်စသည့် ကုန်ပစ္စည်းများ ဖြစ်ပါသည်။

**စားသုံးသူဈေးဆန္ဒန်း (Consumer Price Index)**

၆။ မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆန္ဒန်း (CPI) ကို ဖော်ပြပါ Line Chart ဖြင့် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် (ဧပြီလ) အထိ တင်ပြထားပါသည်-

**စားသုံးသူဈေးဆနှုန်း (CPI)**

(အခြေခံနှစ် ၂၀၁၂ = ၁၀၀)




Source: ဗဟိုစာရင်းအင်းအဖွဲ့၏ အခြေခံအချက်အလက်များမှ စိစစ်တင်ပြသည်


၇။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ၂၀၁၈ ခုနှစ် တစ်နှစ်တာကာလအတွင်းတွင် ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ အနည်းငယ်မြင့်တက်ခဲ့ပြီး မတ်လတွင် အနည်းငယ်ပြန်လည်ကျဆင်းခဲ့ပါသည်။ သို့သော်လည်း ဧပြီလမှစ၍ ပြန်လည်မြင့်တက်လာခဲ့ပါသည်။ ယင်းသို့မြင့်တက်ခဲ့ရခြင်းမှာ ဇွန်လမှစတင်၍ မိုးများစွာရွာသွန်းခဲ့ပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နေသောကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ ကုန်စည်ဈေးနှုန်းများ ဆက်လက်မြင့်တက်လာခဲ့ရခြင်းဖြစ်ပါသည်။

၈။ သို့ရာတွင် ဒီဇင်ဘာလတွင် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ ယင်းသို့ကျဆင်းရခြင်းမှာ မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းများ သိသာစွာကျဆင်းလာခြင်းကြောင့် ဆက်စပ်ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာခြင်း၊ စပါးအသစ် ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းများကျဆင်းလာခြင်း၊ ပွင့်လင်းရာသီဖြစ်ခြင်းကြောင့် ငါးဈေးနှုန်းများကျဆင်း လာခြင်းနှင့် ကုန်ခြောက် ပစ္စည်းဈေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

၉။ ၂၀၁၈ ခုနှစ်၊ ဧပြီလ၏စားသုံးသူဈေးဆနှုန်းမှာ ၁၃၉.၈၂ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလအခြေအနေ ၁၅၂.၀၃ နှင့် နှိုင်းယှဉ်ပါက ၈.၇၃ % မြင့်တက်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ စားသုံးသူဈေးဆနှုန်းမှာ တဖြည်းဖြည်း မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းများ ဆက်တိုက်ကျဆင်းခဲ့သော်လည်း အသား၊ ငါးနှင့် ဥဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ရွှေဈေးနှုန်းများ မြင့်တက်နေခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်း ပြန်လည်မြင့်တက်ခဲ့ခြင်း ဖြစ်ပါသည်။

**၂၀၁၃-၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အထိ အုပ်စုအလိုက် စားသုံးသူဈေးဆနှုန်း**

၁၀။ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အထိ အုပ်စုအလိုက် စားသုံးသူဈေးဆနှုန်းကို ဖော်ပြပါ Bar Chart ဖြင့် တင်ပြထားပါသည်-



Source: 2018, Myanmar Statistical Yearbook

၁၁။ ဖော်ပြပါ Bar Chart ကိုလေ့လာကြည့်ခြင်းအားဖြင့် ၂၀၁၃-၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အထိ အုပ်စုအလိုက် စားသုံးသူဈေးဆနှုန်းမှာ နှစ်စဉ်မြင့်တက်လျက်ရှိပြီး အစားအစာအုပ်စု၏စားသုံးသူဈေးဆနှုန်းမှာ အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။

**အုပ်စုအလိုက် စားသုံးသူဈေးဆန္ဒန်း**

၁၂။ မြန်မာနိုင်ငံ၏ အုပ်စုအလိုက် စားသုံးသူဈေးဆနှုန်းကို ဖော်ပြပါ ဇယားဖြင့် တင်ပြထားပါသည်-

**အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်း**

| အုပ်စုအမည် | အလေးပေးရာခိုင်နှုန်း | ၂၀၁၇ | ၂၀၁၈ |
|---|---|---|---|
| | | ဒီဇင်ဘာလ | ဒီဇင်ဘာလ |
| **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀** | **၁၃၈.၂၈** | **၁၄၇.၇၅** |
| **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၅၀.၆၃** | **၁၆၁.၅** |
| ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၄၉.၃၃ | ၁၄၄.၁၂ |
| အဝတ်အထည် | ၃.၂၃ | ၁၁၈.၂၂ | ၁၂၃.၅၂ |
| အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၄၃.၁၂ | ၁၅၁.၄၃ |
| အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၆.၄၅ | ၁၂၄.၈၃ |
| ကျန်းမာရေး | ၂.၁၃ | ၁၃၆.၆၉ | ၁၄၆.၁၉ |
| သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၁၀၂.၆၆ | ၁၁၀.၄၂ |
| ဆက်သွယ်ရေး | ၁.၆၂ | ၁၀၂.၇ | ၁၀၁.၉၄ |
| အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၅.၉၉ | ၁၀၉.၅၉ |
| ပညာရေး | ၂.၁၅ | ၁၂၂.၅၃ | ၁၃၃.၅၂ |
| ပြင်ပအစားအသောက် | ၅.၉၅ | ၁၁၆.၉၅ | ၁၂၆.၁၉ |
| အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၂၃.၈၇ | ၁၃၄.၉၆ |
| **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၂၀.၉၂** | **၁၂၈.၄၁** |

Source: ဗဟိုစာရင်းအင်းအဖွဲ့၊ Monthly Inflation Report Jan, 2019

၁၃။ အစားအစာအုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၆၁.၅ ရှိ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအခြေအနေ ၁၅၀.၆၃ နှင့် နှိုင်းယှဉ်ပါက ၇.၂၂ % မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။

အကြောင်းအရင်းမှာ ဆန်၊ မြေပဲဆီ၊ နှမ်းဆီ၊ ကြက်သား၊ ဝက်သား၊ အမဲသား၊ ဘဲဥ၊ ကြက်ဥ၊ ငါးခူ၊ ငါးရံ့၊ ပုစွန်ခြောက်၊ ငါးရံ့ခြောက်နှင့် ရေကျိုငါးပိ ဈေးနှုန်းများ အသီးသီးမြင့်တက်လာသော ကြောင့်ဖြစ်ပါသည်။

၁၄။ ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၄၄.၁၂ ရှိ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၃.၄၈ % ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။ အကြောင်းအရင်းမှာ အရက် (ပြည်ပ)၊ ကွမ်းရွက်နှင့် ကွမ်းသီး (အလုံး/ အခြမ်း) ဈေးနှုန်းများ သိသိသာသာကျဆင်းလာခြင်းကြောင့်ဖြစ်ပါသည်။

၁၅။ အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၂၃.၅၂ ရှိ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့်နှိုင်းယှဉ်ပါက ၄.၄၈ % မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အကြောင်း အရင်းမှာ အမျိုးသမီး/ အမျိုးသားဝတ်လုံချည်၊ အမျိုးသမီးဝတ်အင်္ကျီ၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ သားရေဖိနပ်၊ မိုးကာနှင့် စက်ချုပ်ခ (အမျိုးသား/ အမျိုးသမီး)၊ သားရေဖိနပ်နှင့် ရော်ဘာဖိနပ် ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

၁၆။ အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၅၁.၄၃ ရှိ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၅.၈၁ % မြင့်တက်လာခဲ့ပါသည်။ အကြောင်းအရင်းမှာ အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေးဈေးနှုန်းများ၊ အိမ်ပြင်ခ၊ ဂက်(စ်) ဓာတ်ငွေ့နှင့် ရေဖိုးဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်ဖြစ်ပါသည်။

၁၇။ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၂၄.၈၃ ရှိ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့်နှိုင်းယှဉ်ပါက ၇.၁၉ % မြင့်တက်ခဲ့ပါသည်။ အကြောင်းအရင်းမှာ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းသည့် အလုပ်သမားလစာ စရိတ်တို့ မြင့်တက်လာခြင်းကြောင့်ဖြစ်ပါသည်။

၁၈။ ကျန်းမာရေးအုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၄၆.၁၉ ရှိ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၆.၉၅ % မြင့်တက်ခဲ့ပါသည်။ အကြောင်းအရင်းမှာ ဝန်ဆောင်မှုနှင့်

ဆေးပစ္စည်းတို့၏ ကုန်ကျစရိတ်များ (ဥပမာ- ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေ ဆေးကုသခ၊ ဆေးရုံ၌ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေးနှင့် တိုင်းရင်းဆေး ဈေးနှုန်းများ) မြင့်တက်လာခြင်းကြောင့်ဖြစ်ပါသည်။

၁၉။ သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၁၀.၄၂ ရှိ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၇.၅၆ % မြင့်တက်လာခဲ့ပါသည်။ အကြောင်းအရင်းမှာ ဒီဇယ်ဆီဈေးနှုန်း၊ ဓာတ်ဆီဈေးနှုန်း၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ် (စ်) ကားခ (ခရီးဝေး - ပြည်တွင်း)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်း စရိတ်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်ဖြစ်ပါသည်။

၂၀။ ဆက်သွယ်ရေးအုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၀၁.၉၄ ရှိ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၀.၇၄ % ကျဆင်းလာခဲ့ပါသည်။ အကြောင်းအရင်းမှာ မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များဝင်ရောက်မှုများလာပြီး Model အဟောင်း ဝယ်ယူသူနည်းပါးလာကာ ဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ဖြစ်ပါသည်။

၂၁။ အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စု၏ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၀၉.၅၉ ရှိ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၃.၄၀ % မြင့်တက်ခဲ့ပါသည်။ အကြောင်းအရင်းမှာ တယ်လီဖေးရှင်း၊ ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ ဂျာနယ်၊ ဗလာစာအုပ်နှင့် ကွန်ပါဗူးဈေးနှုန်းများ မြင့် တက်လာခြင်းကြောင့်ဖြစ်ပါသည်။

၂၂။ ပညာရေးအုပ်စု၏ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၃၃.၅၂ ရှိ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၈.၉၇ % မြင့်တက်လာခဲ့ပါသည်။ အကြောင်းအရင်းမှာ ကျူရှင်လခ နှင့် သင်တန်းကြေးဈေးနှုန်းများ သိသိသာသာမြင့်တက်လာခြင်းကြောင့်ဖြစ်ပါသည်။

၂၃။ ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၂၆.၁၉ ရှိ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၇.၉၀ % သိသိသာသာမြင့်တက်လာခဲ့ပါသည်။ အကြောင်းအရင်းမှာ အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊


ထမင်းနှင့် ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် ကွမ်းယာ ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်ဖြစ်ပါသည်။

၂၄။ အထွေထွေကုန်ပစ္စည်းအုပ်စု၏ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၃၄.၉၆ ရှိ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၈.၉၅ % မြင့်တက်လာခဲ့ပါသည်။ အကြောင်းအရင်းမှာ ရွှေထည်ပစ္စည်းဈေးနှုန်း၊ သနပ်ခါး၊ မိတ်ကပ်၊ သွားတိုက်ဆေးနှင့် လွယ်အိတ် ဈေးနှုန်းများ သိသာစွာဖြင့် မြင့်တက်လာခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

၂၅။ အစားအစာမဟုတ်သောအုပ်စု၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၌ ၁၂၈.၄၁ ရှိ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ပါက ၆.၁၉ % မြင့်တက်လာခဲ့ပါသည်။ အကြောင်းအရင်းမှာ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုအားလုံး၏ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏စားသုံးသူဈေးဆနှုန်း (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်)**

၂၆။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စားသုံးသူဈေးဆနှုန်းကို ဖော်ပြပါ Bar Chart ဖြင့် တင်ပြထားပါသည်-





Source: 2018, Myanmar Statistical Yearbook

**၂၇။** ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ စားသုံးသူဈေးဆနှုန်းကိုလေ့လာကြည့်ပါက ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင်အမြင့်ဆုံးဖြစ်နေပြီး ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် အနိမ့်ဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စားသုံးသူဈေးဆနှုန်း (၂၀၁၈၊ ဒီဇင်ဘာလ)**

၂၈။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စားသုံးသူဈေးဆနှုန်းကို ဖော်ပြပါ Bar Chart ဖြင့် တင်ပြထားပါသည်-




Source: ဗဟိုစာရင်းအင်းအဖွဲ့၏ Monthly Inflation Report Jan, 2019

၂၉။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကို ကြည့်ပါက ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရှိရပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်လျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး၏ စားသုံးသူဈေးဆနှုန်းမှာ မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

## နိဂုံး

၃၀။ စားသုံးသူဈေးဆနှုန်းအခြေအနေကို သိရှိရခြင်းဖြင့် ကုန်စည်အမယ်လိုက်ဈေးနှုန်း အတက်အကျကို သိရှိနိုင်သလို ငွေကြေးဖောင်းပွမှုအခြေအနေကိုလည်း ခန့်မှန်းနိုင်ပါသည်။ မြန်မာနိုင်ငံ၏ CPI အခြေအနေကိုလေ့လာပါက ၂၀၁၈ ခုနှစ်မှစတင်၍လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင်လည်းကောင်းတရိပ်ရိပ်တက်နေသည်ကို တွေ့မြင်နိုင်ပါသည်။ ဈေးနှုန်းတက်ရာတွင် အစားအစာအုပ်စုက ပို၍တက်သည်ကိုလည်းတွေ့ရှိရပါသည်။ နိုင်ငံ၏သဘာဝဘေးအန္တရာယ် အခြေအနေများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ ရွှေဈေးနှုန်း၊ supply and

demand အခြေအနေများ၊ လူကြိုက်များသည့်ပစ္စည်းအသစ်များ ထုတ်လုပ်နိုင်မှု အခြေအနေများ အပေါ်မူတည်၍ CPI တန်ဖိုးများ ပြောင်းလဲနေမည်သာဖြစ်ကြောင်း တင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်အေးအေးမူ (ဦးစီးအရာရှိ) နှင့် ဒေါ်မေဇင်အောင် (ဒု-ဦးစီးမှူး) တို့မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။


သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅